ကျွဲရဲ(မ)ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွဲရဲ(မ)ကျေးရွာ၊ မုံရွာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကျွဲရဲ(မ)ကျေးရွာသယံဇာတပြဓေမြေပုံနှင့် ရာသီခွင်ပြပြကွဒိန်၊ မုံရွာမြို့နယ် ၅

(၁)နိဒါန်း ၆

(၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု
(ဂ) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅
- ဦးစားပေးစီမံချက်များ
- အကောင်အထည်ဖော်မည့်နှစ်အလိုက်ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၇
စီမံချက်အဆိုပြုလွှာ ၁၈
ကော်မတီဝင်များစာရင်း(သို့)စီမံချက်အကြောင်းအရာ ၁၉

ကျွဲရဲ(မ)ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ ကျွဲရဲကျေးရွာအုပ်စု၊ ကျွဲရဲ(မ)ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲကြသည့် ပထမဦးဆုံးကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မုံရွာမြို့နယ်အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ အစည်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွဲရဲ(မ)ကျေးရွာသည် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့တို့မှ စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ကျေးရွာလူထုမှ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြ၍ အချို့ကိစ္စများတွင် ထိရောက်ကောင်းမွန်အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အားနည်းခဲ့ကြပါသည်။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့သည့်အပြင် ကျေးရွာ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလည်း ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။ ထို့ကြောင့် စီမံချက်ရေးဆွဲခြင်း၏ အကျိုးဆက်များအဖြစ် ကဏ္ဍပေါင်းစုံပါဝင်လာပြီး ပိုမိုထိရောက်သည့် သုံးသပ်ချက်များ ရရှိလာမည်ဖြစ်သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်တို့၏ ဆက်လက်ပံ့ပိုးမှု, များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ် မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်လာမည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိမည်ဖြစ်ပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။ ယခုစီမံချက်သည် ကျွဲရဲ(မ)ကျေးရွာအတွက် (၅)နှစ်စာ ရေးဆွဲထားခြင်းဖြစ်ပါသည်။ စီမံကိန်းအချက်အလက်များအား ကျေးရွာကော်မတီများမှ အသေးစိတ်ကောက်ယူထားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် အကောင်းဆုံးဖြစ်စေရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ အားနည်းချက်အချို့ရှိနိုင်သော်လည်း ပထမဆုံးရေးဆွဲသည့် စီမံချက်ဖြစ်သည့်အတွက် လိုအပ်ချက်များ ရှိနိုင်ပါသည်။ အပိုင်းလိုက်အစီအစဉ်များအား ကျေးရွာကော်မတီများ၏ လက်လှမ်းမှီမှုအတိုင်း ရေးဆွဲထားသည့် စီမံချက်ဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၂၀၂၀။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


ကျွဲရဲ(မ)ကျေးရွာ

ကျွဲရဲကျေးရွာအုပ်စု

မုံရွာမြို့နယ်

ကျွဲရဲ(မ)ကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြပြကွဒိန်၊ မုံရွာမြို့နယ်





အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား သတိထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ၊ ရပ်ရွာ၏ ပူးပေါင်း ဆောင်ရွက်မှု စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။ ထို့အပြင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျစေရန် စိတ်ပါဝင်စားစွာ ဆောင်ရွက်ခြင်းနှင့် သုံးသပ်ခြင်းတို့၏ အရေးပါပုံများကိုလည်း သိရှိလာပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ ပုဂ္ဂလိကဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှု၊ စီမံချက်များ၊ ကြိုးစားမှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်းအားဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

စီမံချက်တွင် ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ၊ ငွေကြေးစီးဆင်းမှုများအတွက် သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန်ပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကဏ္ဍအလိုက်ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားနိုင်ခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်နိုင်သည့် လုပ်ကိုင်ဆောင်ရွက်သည့်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွဲရဲ(မ)ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၏ မြောက်ဘက် (၅) မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် မြို့ရှောင်လမ်းမကြီးဘေးမှ သွားလာရပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကြက်သွန်စိုက်ပျိုးသည့် လုပ်ငန်းလုပ်ကိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားလမ်းကိုသာ အသုံးပြုကြသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ(၂၃)လက်မခန့်သာ ရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေအနေတွင် မရှိပါ။ မြေအောက်ရေကိုသာ အားကိုးနေရခြင်းဖြစ်ပါသည်။ မြေဆီလွှာပျက်စီးမှု အသင့်အတင့်ရှိပြီး အချို့နေရာများသည် ချင်းတွင်းမြစ်ရေ ကြီးပါက ရေဝင်ရောက်လျက်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် ကုန်းမြေနှင့် သဲတော အသင့်အတင့်ရှိကြပြီး မြေဆီဩဇာညံ့ပါသည်။ ယာမြေ ၈က (၆၅၃)၈က ရှိပါသည်။ ယာမြေကေတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ ပဲစဉ်းငုံ၊ ကြက်သွန်နီ၊ ပဲ တို့ဖြစ်ကြပါသည်။ ၄င်းသီးနှံများသည် စျေးကွက်ကို မှီခိုနေရသောကြောင့် အကျိုး အမြတ်ရရှိမှုမှာ မျှော်မှန်း၍ မရရှိနိုင်ပါ။ မြေအောက်ရေ ရယူသုံးစွဲမှုမှာ များပြားလျက်ရှိပါသည်။ ရေအရည်အသွေး မှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကွဲရဲ(မ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၆၀)စု နှင့် ကျား(၈၇၂)၊ မ(၁၀၆၂)ဦးဖြင့် လူဦးရေပေါင်း (၁၉၃၄)ဦး ရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည်(၅)ဦးနှုန်းခန့်ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်း လူဦးရေ၏ (၇၀%) သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၃၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့်ပိုများသည်။ ရွှေ့ပြောင်းသွားလာသူ အနည်းငယ်ရှိပြီး လူဦးရေသိပ်သည်းမှု အသင့်အတင့်သာ ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သော ယက္ကန်းနှင့်မွေးမြူရေးလုပ်ငန်းတို့လုပ်ကိုင်ကြသော်လည်း ကျေးရွာ၏အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ပါ။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှု နည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၁၈.၄၇%)သည် ဆင်းရဲသော အိမ်ထောင်စုအဆင့်နှင့် (၁၆.၃%)သည် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၂၆.၀၈%)သည် ချမ်းသာသည့်အဆင့်၊ (၃၉.၁၃%)သည် အလယ်အလတ် အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကွဲရဲ(မ)ကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများ၏ (၂၁.၇၃%) နှင့် အဆင့်"၄" အိမ်ထောင်စုများ၏ (၂၁.၇၃%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်းကောက်ယူ မှုအရ "၃" နှင့် "၄"အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ် ၉ ၁က်ယူ လေ့လာထားသော အိမ်ထောင်စု (၂၀၀)

စု လုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှုမရှိသလောက်ဟု ဆိုကြသည်။ ယာများတွင် ပဲစဉ်းငုံ၊ ကြက်သွန်နီ၊ ပဲတို့ စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စားအငှားလိုက်ခြင်း လုပ်ကိုင်ကာဝမ်းစာအတွက် ဖူလုံမှုရှိသည်ဟု ဆိုကြသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းလေ့ရှိကြောင်း သိရပါသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ ယက္ကန်း၊ ပန်းရံ၊ လက်သမားစသည်တို့ လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးဖြေရှင်းကြသည်ဟု သိရပါသည်။ ကျေးရွာတွင် ကြက်သွန်စိုက်ပျိုးမှု များပြားပြီး နေ့စားအလုပ် လုပ်ကိုင်သူများလည်း ပေါများ ပါသည်။ အချို့သီးနှံပေါ်ခိုင်များတွင် ကျေးရွာ၏ လုပ်သားမလုံလောက်မှုကြောင့် အခြားနီးစပ်ရာ ရွာများမှ လုပ်သားများအား နေ့စားခေါ်ယူ၍ ဆောင်ရွက်နေရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွဲရဲ(မ)ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းကြသည်။ သက်ကြီး ရွယ်အိုများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ အဖြစ်များပါသည်။ ဝမ်းပျက် ဝမ်းလျော၊ ငှက်ဖျား၊ တီဘီရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွားမှု ရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ အားနည်းကြသည်။ ကျေးရွာတွင် စနစ်တကျအမှိုက်စွန့်ပစ်မှုမရှိ၍ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ စီမံချက်အရ ထိုးနှံသည့် ကာကွယ်ဆေးများအား ထိုးနှံခွင့် ရရှိကြပါသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးလက်ကျန်းမားရေးဌာနခွဲ၊ မုံရွာပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။ အများအားဖြင့် ကျေးရွာမှလူများသည် မုံရွာမြို့၌ရှိသော မုံရွာပြည်သူ့ ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေး စောင့်ရှောက်ခြင်းများ ရရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းခွဲ(၁)ကျောင်းရှိပါသည်။ သို့သော်လည်း အချို့မှာ အလယ်တန်းအဆင့်ထိသာ တက်ရောက်မှုများကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သားအနည်းငယ်သာ အခြေခံ အရေး၊ အဖတ်၊ အတွက်များကိုသာ တက်မြောက်ကြသည်။ ဘွဲ့ရကျောင်းသူ/သားများလည်း ရှိကြပါသည်။ ကျေးရွာတွင် အထက်တန်းပညာရေးအား အလွယ်တကူ တက်ရောက်နိုင်သော်လည်း ကျေးရွာနှင့် (၁၂)မိုင်ခန့် ကွာဝေးသော မုံရွာမြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ တက်ရောက်သင်ကြား လျက်ရှိပါသည်။ ပညာရေးအနေနှင့် ကျောင်းဆောင်ရရှိမှု လုံလောက်ပါသည်။

(စ) ကျား-မရေးရာ

ကျွဲရဲ(မ)ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်ဟု ယူဆရပါသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမရှိသလောက် နည်းပါးကြပါသည်။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ကိစ္စအတော်များများအား ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေ အတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုမှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား - မ တန်းတူ ညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ထိုအဖွဲ့သည် ကျားမ ဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့၊ အရံမီးသတ်၊ မီးလင်းရေးကော်မတီ၊ ရေကော်မတီ၊ ကျောင်းကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့များ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါးပါသည်။ အမျိုးသမီးပါဝင်မှုသည် ဘာသာရေးနှင့် ဆိုင်သည့်အဖွဲ့အစည်းများတွင်သာ အများဆုံးပါဝင်ကြကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပဲဧဉ်းငုံ၊ ပဲ၊ ကြက်သွန်နီတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ယာစိုက်ဧက( ) ဧက ရှိပါသည်။ ယာခင်း၏ ပဲဧဉ်းငုံ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင်(၇) တင်း၊ ပဲ(၁)ဧကလျှင် (၁၀)တင်း၊ ကြက်သွန်(၁)ဧကလျှင် ( )ပိဿာ ထွက်ရှိပါသည်။ ၄င်းလုပ်ငန်းများရိတ်သိမ်းပြီးချိန်တွင် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ရပါသည်။

ကျွဲရဲ(မ)ကျေးရွာတွင် နွားမွေးသောအိမ်ထောင်စုအရေအတွက်မှာ (၅၁)အိမ်ထောင်စုရှိပြီး နွားကောင်ရေ(၁၅၃)ကောင် ဒေသနွားများကို မွေးမြူနေကြသည်။ ဝက်မွေးသူ (၅၀) အိမ်ထောင်စုရှိပြီး ကောင်ရေ(၁၀၀)ခန့် မွေးမြူနေကြပါသည်၊ ကြက်မွေးသူ (၈၃)ရှိပြီး အများစုမှာ ဒေသကြက်များကိုသာ အဓိကမွေးမြူကြပါသည်။ ကြက်ကောင်ရေမှာ(၇၃၃)ကောင်ခန့်ရှိပြီး လွတ်ကျောင်းသည့် အလေ့အထများသာ မွေးမြူကြပါသည်။ တိရိစ္ဆာန်မွေးမြူမှုတွင် ကာကွယ်ဆေးထိုးနှံမှု အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွဲရဲ(မ)ကျေးရွာတွင် ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများ မကောင်းခြင်း၊ စျေးကွက်မတည်ငြိမ်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းကာ ကျေးရွာတွင် ဝမ်းစာအတွက် ဖူလုံပါသည်။ ယက္ကန်းလုပ်ငန်းတွင် နေ့စားအလုပ်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေရရှိပါသည်။ အိမ်တွင် ကုန်စုံဆိုင်ဖွင့်နေ ၁၂ သော အိမ်ထောင်စုများလည်း ရှိပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်ခန့်ရှိကာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖြစ်သော ယက္ကန်းရက်သင်တန်း၊ ထွန်စက်မောင်းသင်တန်းတို့ကို စက်မှုလယ်ယာနှင့် ယက္ကန်းကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းများ တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင် အခွင့်အလမ်းကို အထောက်အကူ ပြုစေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျွဲရဲ(မ)ကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတ်မြေဩဇာနှင့် မြေဆီများ သုံးစွဲမှုများပြား လျှက်ရှိပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးလျက် ရှိပါသည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးလုပ်ငန်း များမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ဘဏ်၊ သမဘဏ်၊ မြကျွန်းသာ၊ ဂရက်၊ Alliance၊ စထာပနာစသည့် အစိုးရ နှင့် ပုဂ္ဂလိကငွေးကြေးဝန်ဆောင်မှုတို့မှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။ ကျေးရွာအတွင်း ပစ္စည်းထား၍ သော်လည်းကောင်း ချေးယူနေကြပါသည်။ အပြင်တိုးသည် အတိုးများခြင်းကြောင့် အဆင်မပြေမှု များရှိနေပါသည်။ ချေးငွေများပြားခြင်းသည် ကျေးရွာအတွက် အဆိုးဘက်ကို ဦးတည်စေပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွဲရဲ(မ)ကျေးရွာတွင် အထက်တန်းကျောင်းခွဲတစ်ကျောင်းရှိပါသည်။ ကျေးရွာတွင် ကျောင်းနေ အရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်း ပြီးဆုံးအောင် သင်ကြားကြပြီ ၁၃ ်တန်းပညာကို အနည်းငယ်တက်ရောက်ပြီး အချို့မှာမိရိုးဖလာ လုပ်ငန်းကိုသာ လုပ်ကိုင်[illegible]။ ဟက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများလည်း

ရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသားလူဦးရေ များပြားခြင်းကြောင့် စာသင်ခုံမလုံလောက်ခြင်း ကျောင်းဆောင်၊ ပရိဘောဂပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ ဆင်းရဲသောမိသားစုများသည် ကျောင်းစရိတ် မတတ်နိုင်သဖြင့် မူလတန်းအောင်မြင်ပြီးလျှင် ပညာဆက်လက်မသင်ယူပဲ စားဝတ်နေရေးနှင့် ငွေကြေးအတွက် နေ့စားအငှား လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန မရှိပါ။ ကျေးရွာတွင် သွေးတိုးနှင့် ဆီးချို အများဆုံး ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်နှင့်ကလေးများအား ကာကွယ်ဆေးကို ကျေးလက်ကျန်းမာရေးဆရာမများမှ လာရောက်ထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို မုံရွာမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ပုဂ္ဂလိကပိုင်တွင်းများ အသုံးပြုပါသည်။ ယင်လုံအိမ်သာကို အများဆုံးအသုံးပြုကြပါသည်။ သို့သော် စနစ်ကျသည့်အနေအထားတွင် မရှိကြောင်း တွေ့ရှိရပါသည်။ အမှိုက်ကို ရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်သော အနေအထားဖြစ်ပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွဲရဲ(မ)ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့် မရှိပေ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရားပွဲတော်များတွင် ကျေးရွာလူငယ်များ အားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအဝိုင်းတွင်လည်း လူငယ်များ ပါဝင်မှုအားကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်ခွင့်မှာမူ အတင့်အသင့်ရှိပါသည်။ နွေကျောင်းပိတ်ချိန်များတွင် ကလေးများအား ဓမ္မာစကူးသင်တန်းကျောင်း ဖွင့်လှစ်ပို့ချပါသည်။

ကျွဲရဲ(မ)ကျေးရွာ ရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ကာ ဖုန်ထူ၍ မိုးရွာလျှင် ကျင်း၊ ချိုင့်များ ဖြစ်ပေါ်ပြီး လမ်းများမှာ သွားလာရခက်ခဲပါသည်။ အချို့လမ်းများတွင် ကျေးရွာ၏ အစီအစဉ်ဖြင့် ရွာတွင်းလမ်းများကို ပြုပြင်ထားကြပြီးဖြစ်ပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများအားလုံး၏(၉၀%) လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်ပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းရှိသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ အိမ်ထောင်စုတိုင်း တယ်လီဖုန်းများရှိ ခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာန ဆိုင်ရာများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေး တို့မှတဆင့် ဆက်သွယ်ကြပြီး လူကိုယ်တိုင်လည်း သွားရောက်တွေ့ဆုံကြပါသည်။

ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ မိုင်တဲလ်၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံး ပြုကြပြီး အိမ်ထောင်စုတော်တော်များများ တယ်လီဖုန်း သုံးစွဲလျှက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်း တို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့ မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသားများသည် (၂)မိုင် ခန့်အကွာရှိ အလုံရဲစခန်း နှင့် (၆)မိုင်ခန့် ကွာဝေးသည့် မုံရွာမြို့မရဲစခန်းတို့နှင့် အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေဆီဩဇာမကောင်းပါ။ မြေအောက်ရေသာ စိုက်ပျိုးရေးအဖြစ် အဓိကထားသုံးစွဲနေကြပါသည်။ ရေအရည်အသွေးကောင်းတဲ့ထဲတွင် မပါဝင်ပါ။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းပါသည်။ အထူးသဖြင့် နွား၊ ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် စီးပွားဖြစ်မွေးမြူမှု နည်းပါးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်သုံးစွဲသူ အသင့်အတင့်ရှိပါသည်။ လူငယ်များသည် အင်တာနက်အား အကျိုးရှိစွာ သုံးစွဲနိုင်မှု နည်းပါးကြပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာမကောင်းပါ။ စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက် ရပေမည်။ ပဲ၊ ကြက်သွန်၊ ဝါစိုက်ပျိုးသည်မှအပ အခြားသယံဇာတများ ထွက်ရှိမှု နည်းပါးကြပါသည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုသော အိမ်ထောင်စုများရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သမဘာဏ်နှင့် စိုက်ဘဏ်နှင့် ပုဂ္ဂလိကအသေးစားငွေကြေးဝန်ဆောင်မှုတို့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းပညာမရှိခြင်းနှင့် နေရာအခက်အခဲကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။ ယခုအခါ စိုက်ပျိုးချိန်တွင် မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့်များ မှာယူဆောင်ရွက်နိုင်သော်လည်း လူဦးရေနည်းပါးကြပါသည်။

ကျွဲရဲ(မ)ကျေးရွာတွင် ယက္ကန်းလုပ်ငန်းများကို ကျေးရွာ၏ အိမ်ထောင်စုအနည်းငယ်ခန့် လုပ်ကိုင်ကြပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းတွင် ကုန်ကြမ်းဈေးကြီးခြင်း၊ ဈေးကွက်မရှိခြင်းများ ကြုံတွေ့နေရပါသည်။ အိမ်ဆိုင်နှင့် ကုန်စုံဆိုင်များ ဖွင့်လှစ်လုပ်ကိုင်ကြသည့် မိသားစုအနည်းငယ် ရှိကြပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦစားပေးစီမံချက်များမှာ-

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ(၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။	**ကျေးရွာတွင်းလမ်းခင်းခြင်း**	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂။	**အုတ်ရိုးစီ ရေကာတာပြုလုပ်ခြင်း**	၁၀	၈	၉	၇	၁၀	၄၄	၂
၃။	မီးသတ်ကားဝယ်ယူခြင်း	၁၀	၆	၃	၉	၉	၃၇	၃
၄။	ပုံစံ(၇)မရရှိခြင်း	၄	၉	၈	၈	၇	၃၆	၄
၅။	စာသင်ကျောင်းအဆင့်မြှင့်ခြင်း	၅	၈	၅	၃	၂	၂၃	၅

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်အမည်	**ဦးစားပေး အဆင့်**	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
ကျေးရွာတွင်းလမ်းခင်းခြင်း	၁	√				
အုတ်ရိုးစီ ရေကာတာပြုလုပ်ခြင်း	၂		√			
မီးသတ်ကားဝယ်ယူခြင်း	၃			√		
ပုံစံ(၇)မရရှိခြင်း	၄				√	
စာသင်ကျောင်းအဆင့်မြှင့်ခြင်း	၅					√

ကျွဲရဲ(မ)ကျေးရွာ၊ ကျွဲရဲကျေးရွာအုပ်စု၊ မုံရွာမြို့ နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်းများ	စီမံချက်
၁	ကျေးရွာတွင်းလမ်းမှ လမ်းသွယ်များမှ မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း	မိုးရာသီတွင် ရွာတွင်းလမ်း ဂျင်းလမ်းမှ ဗွက်ထကာ သွားမရခြင်း	လမ်းခင်းရန် မြေနေရာ လုံလောက်မှု ရှိခြင်း၊လုပ်အားများ ရရှိခြင်း	ငွေကြေးခက်ခဲခြင်း၊ နည်းပညာ အားနည်းခြင်း	ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ ကုန်ပစ္စည်းများ လွယ်ကူစွာ ရရှိနိုင်ခြင်း	ကျေးရွာတွင်းလမ်းအား ဂျင်းလမ်းမှ ကွန်ကရစ်လမ်း ရရှိအောင်ဆောင်ရွက်ခြင်း
၂	**အုတ်ရိုးစီ ရေကာတာ ပြုလုပ်ခြင်း**	မြစ်ရေဝင်ရောက်ခြင်း	လုပ်အားရရှိခြင်း	နည်းပညာနှင့် ငွေကြေးခက်ခဲခြင်း	အလှူငွေနှင့် ရန်ပုံငွေများရရှိပါက ကျေးရွာလုပ်အားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်	သက်ဆိုင်ရာဝန်ကြီးဌာန၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်
၃	မီးသတ်ကားဝယ်ယူခြင်း	ပူပြင်းခြောက်သွေ့ချိန်တွင် လူဦးရေ ထူထပ်ခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း	မီးသတ်ကားထားရန် နေရာရှိခြင်း	ငွေကြေးခက်ခဲခြင်း	အလှူငွေနှင့် ရန်ပုံငွေများရရှိပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုသည့်အတိုင်း ဆောင်ရွက်သွားမည်	သက်ဆိုင်ရာဝန်ကြီးဌာန၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်
၄	ပုံစံ(၇)မရရှိခြင်း	သက်ဆိုင်ရာဌာနမှ ထုတ်မပေးခြင်း	စိုက်ပျိုးသူများမှ လျှောက်ထားနိုင်ခြင်း	စည်းလုံးညီညွတ်မှု မရှိခြင်း	တောင်သူများစုပေါင်း၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်	ပုံစံ(၇) ရရှိရေးအတွက် လွတ်တော်ကိုယ်စားလှယ်များ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်
၅	စာသင်ကျောင်း အဆင့်မြှင့်တင်ခြင်း	ကျောင်းသားဦးရေများခြင်း နှင့် လမ်းပန်း ဆက်သွယ်မှု မကောင်းခြင်း	လုပ်အား ရရှိခြင်း၊ မြေနေရာရှိခြင်း	နည်းပညာနှင့် ငွေကြေးခက်ခဲခြင်း	မြေနေရာရှိပြီးဖြစ်၍ လွတ်တော်ကိုယ်စားလှယ် များနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်	ပညာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်နှင့် ဘဏ္ဍာငွေရရှိအောင် ဆောင်ရွက်သွားမည်

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ကျွဲရဲ(မ)
ကျေးရွာအုပ်စု	– ကျွဲရဲ
မြို့နယ်	– မုံရွာ
တိုင်းဒေသကြီး / ပြည်နယ်	– စစ်ကိုင်း
စီမံချက်အမည် – ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း (၉၂၀'x၁၄'x၆")	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ပြုပြင်မှုမရှိခြင်း၊ မိုးရွာသွန်း၍ ပျက်စီးမှုများပြားခြင်းနှင့် အသုံးပြုမှု များပြားခြင်း တို့ကြောင့် သွားလာရန် ခက်ခဲလျက်ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - ကျေးရွာတွင်းပြည်သူများ သာရေး/နာရေး/လူမှုရေးတို့အတွက် အဆင်ပြေစွာ သွားလာနိုင်ရန်နှင့် ရာသီမရွေးသွားလာနိုင်ရန် လက်ရှိလမ်းအခြေအနေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) - ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ကျေးလက်နေပြည်သူများ သွားလာမှု ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး သာရေး/နာရေး/ လူမှုရေးအတွက်သာမက ကျန်းမာရေးအတွက်နှင့် ဒေသထွက်ကုန်များပါ စျေးကွက် သို့ အချိန်မီ ပေးပို့ရောင်းချနိုင်ခြင်း စသည်တို့ အကျိုးကျေးဇူးများ ထပ်မံရရှိလာ မည်ဖြစ်ပါသည်။ - အဆိုပါလမ်း ကွန်ကရစ်ခင်းခြင်းအားဖြင့် ကျွဲရဲ(မ)ကျေးရွာအပြင် သမန္တာကျေးရွာ မှ အများပြည်သူများပါ ကူးသန်းသွားလာမှု ပိုမိုအဆင်ပြေလာပြီး ကျေးရွာ(၂)ရွာ အတွက် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) - ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၉၂၀'x၁၄'x၆")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်

• ၁၀၀၀၀၀၀(ငွေသား) • လုပ်အား	• ကျေးလက်ဦးစီး • ကျေးရွာ

ကျွဲရဲ(မ)ကျေးရွာ၊ ကျွဲရဲကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ပညာအရည်အချင်း	ဖုန်းနံပါတ်
၁	ဦးကျော်ဇင်	ဦးအောင်သန်း	၅/မရန(နိုင်)၂၁၈၅၇၂	၃၈နှစ်	ဥက္ကဋ္ဌ	ဘ.က	၀၉-၆၉၀၈၄၄၁၄၀
၂	ဦးနှင်းရွှေ	ဦးထွန်းရှိ	၅/မရန(နိုင်)၁၃၀၀၂၂	၅၂နှစ်	ဘဏ္ဍာရေးမှူး	၉ တန်း	၀၉-၄၂၇၉၃၄၁၂
၃	ဒေါ်စန်းနွဲ့	ဦးချစ်မောင်	၅/မရန(နိုင်)၂၀၂၆၄၁	၆၃နှစ်	အတွင်းရေးမှူး	၈ တန်း	၀၉-၂၅၉၀၁၁၅၀၄
၄	ဦးမိုးမြင့်	ဦးအိုးဘို	၅/မရန(နိုင်)၁၂၉၈၂၂	၅၄နှစ်	စာရင်းကိုင်	၁၀ တန်း	၀၉-၄၅၄၇၉၉၂၆၇
၅	ဦးမြတ်ဦး	ဦးကွင်း	၅/မရန(နိုင်)၀၀၆၉၈၅	၄၉နှစ်	အဖွဲ့ဝင်	ဘ.က	၀၉-၄၄၂၄၃၇၀၇၃
၆	ဒေါ်မြင့်ရီ	ဦးတင်မောင်	၅/မရန(နိုင်)၂၃၅၈၁၅	၄၃နှစ်	အဖွဲ့ဝင်	၈ တန်း	၀၉-၂၅၆၃၁၁၉၈၈
၇	ဒေါ်အေးသင်း	ဦးကျော်မိုး	၅/မရန(နိုင်)၂၄၄၂၆၁	၃၆နှစ်	အဖွဲ့ဝင်	၃ တန်း	-
၈	ဒေါ်မြသန်း	ဦးကျွဲ	၅/မရန(နိုင်)၁၁၀၉၀၃	၅၇နှစ်	အဖွဲ့ဝင်	၄ တန်း	၀၉-၇၈၀၅၆၈၀၉၅
၉	ဦးသန့်ဇော်ထွန်း	ဦးကျော်မြင့်	၅/မရန(နိုင်)၂၈၆၀၃၅	၃၆နှစ်	အဖွဲ့ဝင်	၄ တန်း	၀၉-၄၄၈၄၇၃၅၅၆
၁၀	ဦးမင်းခိုင်	ဦးမြင့်လှိုင်	၅/မရန(နိုင်)၁၆၅၄၇၅	၄၁နှစ်	အဖွဲ့ဝင်	၁ တန်း	၀၉-၂၅၉၀၄၀၄၃၇
၁၁	ဦးမင်းထွန်း	ဦးလှသိန်း	၅/မရန(နိုင်)၃၀၈၀၀၄	၂၆နှစ်	အဖွဲ့ဝင်	ဘ.က	၀၉-၇၇၀၆၄၃၀၃၃

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၆	၂၂
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၆	၅၄	၉၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇၄	၇၈	၁၅၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၃	၇၃	၁၄၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၃၇	၈၀၇	၁၄၄၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၆	၄၄	၈၀
စုစုပေါင်း		၈၇၂	၁၀၆၂	၁၉၃၄
စုစုပေါင်း အိမ်ထောင်စု				၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွဲရဲ(မ)ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာ စာရင်းများအရ ကျား၊ မ စုစုပေါင်းမှာ(၁၉၃၄)ဦး ရှိပါသည်။ စီမံကိန်းလျှောက်ထားစဉ်က လူဦးရေနှင့် အနည်းငယ် အပြောင်း အလဲရှိပါသည်။ ထိုသို့ ပြောင်းလဲရခြင်းမှာ ယခုစာရင်းသည် မြေပြင်အခြေအနေအား ကောက်ယူ ထားခြင်းကြောင့် မှန်ကန်မှုများပြီး အုပ်ချုပ်ရေးမှူး၏ စာရင်းအား ရုံးသို့ပေးပို့လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၇	၄၀၃	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၂၆	၁၁၈၇	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈၄	၃၆၈	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၅၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၅	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၆	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၅၈	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၈၂	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
